ကုန်းဘိုကျေးရွာ

ကုန်းဘိုကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကုန်းဘိုကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

## မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကုန်းဘိုကျေးရွာ၏ ကျေးရွာ သူ/ သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။


ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည် ၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာ လ ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကုန်းဘိုကျေးရွာ
ဆင်ပေါင်ဝဲမြို့နယ်

ထွန်းဘို ကျေးရွာ သယံဇာတမြေပုံ ရက်စွဲ - ၃.၆.၂၀၁၈



မြေပုံအညွှန်း

- စာသင်ကျောင်း
- ဆေးခန်း
- လယ်
- လူနေအိမ်
- သစ်တောများ
- ယာ
- တံတား

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ကုန်းဘိုကျေးရွာသည် ကုန်းဘိုကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့မှ (၃၄)မိုင် ခန့်အကွာအဝေး ၊ ဆင်ပေါင်ဝဲမြို့၏ အရှေ့ဘက် ခနွန်းမြောင်ကျေးရွာမှ (၄) မိုင်အကွာအဝေး ၊ ကုန်းသာကျေးရွာမှ (၄)မိုင်ခန့်အကွာအဝေး၊ ဆက်သွားကျေးရွာမှ (၁၇)မိုင် အကွာအဝေး ၊ ဥသျှစ်ကုန်းကျေးရွာ မှ (၄)မိုင် အကွာအဝေး ၊ အမှတ်(၁) ခရိုင်ချင်းဆက်လမ်းမပေါ်တွင် တည်ရှိပြီး ဗရုံချောင်းဘေးကပ်လျက်မြေပြန့်ဒေသဖြစ်သည်။ မိုးများသောနှစ်များတွင် ဖရုံချောင်းမှ ရေလွှမ်းမိုးခြင်း ၊ ကမ်းပါးပြိုခြင်းများကို ရံဖန်ရံခါ ခံရသည်။ ကျေးရွာသည် ကုန်းကြောင်းမှ အချိန်မရွေး ၊ ရာသီမရွေး ယာဉ်မျိုးစုံ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ အဓိကစိုက်ပျိုးသီးနှံမှာ နှမ်း ၊ စပါး ၊ ဝါ ၊ ပဲမျိုးစုံနှင့် ဥယျာဉ်ခြံလုပ်ငန်းအနည်းငယ် လုပ်ကိုင်ကြသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကုန်းဘိုကျေးရွာသည် ဖရုံချောင်းဘေးတွင် တည်ရှိသောကြောင့် ဆောက်လုပ်ရေးအတွက် သဲကိုလိုသလောက်ရရှိနိုင်ပြီး ၊ ရေချိုငါးများလည်း ရရှိနိုင်ပါသည်။ လယ်ကွင်းနှင့် ယာခင်းတို့၌ ကျက်စားသော တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များသာရှိသည်။ သဘာဝဆေးဘက်ဝင် အပင်များဖြစ်သော တောဇီးဖြူ ၊ ထိကရုံး၊ ကနဖော့ ၊ ဖန်ခါး ၊ မရွေး၊ မြင်းခွာ များ ပေါ်များစွာ ပေါက်ရောက်သည်။ ငါးရံ့ ၊ တီလားဗီးယား များ ဖမ်းဆီးမှု များပြားသည်။ ဘတ္တရီနှင့် ရှော့တိုက်ခြင်း ၊ ငါးရှဥ့်များကို ကျဉ်စက်ဖြင့်တို့ဖမ်းခြင်းတို့ကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ ရေဘဲ ၊ ရေကြက် ၊ စစ်စလီ ၊ ပုဇွန် ၊ ဖား ၊ ရေမြွေ၊ တီကောင်များ အသင့်တင့်ရှိပါသည်။

ကျွန်းသစ်မာအမျိုးမျိုး ပိတောက်၊ ရှား ၊ ထနောင်း ၊ ကုက္ကို စသည့် အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှု အားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တော ၊ ဝါး ၊ ပျားရည်နှင့် အဖိုးတန် တိရစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ လက်လှမ်းမီနိုင်မှု တဖြေးဖြေး ခက်လာသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကုန်းဘိုကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ အဘိဓမ္မာအဖွဲ့များ ဖွဲ့စည်းထားပြီး လူမှုရေးကဏ္ဍတွင် မီးလင်းရေးကော်မတီ၊ အရန် မီးသတ်တပ်ဖွဲ့ ၊ မိဘဆရာအသင်း ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီ ၊ လူမှုကူညီရေးအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။

ၸ၄င်းအဖွဲ့များ ဖွဲ့စည်းထားသော်လည်း အဖွဲ့အလိုက် စီမံကိန်းများ ဆောင်ရွက်ခြင်း ၊ အဖွဲ့များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ၊ စသည်တို့ အားနည်းလျက် ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေး ရွာသူ/ သားကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဦးဆောင်ပြုလုပ် ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အသင့်တင့်ရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၄၅၃)စု၏ (၃၃.၇%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၆၆.၃%) ခန့်မှာ ချောင်လည် သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးလယ်မြေ(၄)ဧက နှင့် အောက် ပိုင်ဆိုင်သူများ နှင့် ကျပန်းအလုပ်သမားများ ဖြစ်ပါသည်။ ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေလယ် (၅)ဧကနှင့်အထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံး စက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သော သူများဖြစ်ကြသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေး အဆင့်အတန်းနှင့် ချမ်းသာ/ဆင်းရဲ မညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာမှ (၁၇)မိုင် ခန့် ကွာဝေးသည့် ကိုးပင်ကျေးရွာသို့ လည်းကောင်း ၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၂၇) မိုင် ကွာ ဝေးသည့် တောင်တွင်းကြီးဈေးသို့ လည်းကောင်း သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်း များမှာ အရှည် (၁) မိုင် (၄)ဖာလုံ ခန့်ရှိပြီး မြေသားလမ်းအမျိုးအစားဖြစ်ပါသည်။ ရွာအဝင်လမ်းမှာရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်သော်လည်း ရွာတွင်းလမ်းများမှာ မိုးရာသီတွင် ရေအိုင်မှုများ ဖြစ်ပေါ်နေသည့်အတွက် သွားလာရ ခက်ခဲ ပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် မီးလင်းရေးအဖြစ် ဆိုလာဖြင့် မီးလင်းသူအိမ်ထောင်စုသည် (၇၉.၄၇%) ရှိပြီး

ဒီဇယ်အင်ဂျင်ဖြင့် မီးသုံးစွဲသူ အိမ်ထောင်စု (၂၃)စု ရှိပါသည် ။ သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်း အသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် ရေတွင်းမှရေကိုသာ အဓိကထား၍ သောက်ရေနှင့်သုံးရေကို အသုံးပြုကြသည်။ နွေ ၊ မိုး ၊ ဆောင်း သောက်သုံးရေ ဖူလုံမှုရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာတစ်ကေလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ကေလျှင် (၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ကေများစွာပိုင်ဆိုင် မှုရှိသော်လည်း အများဆုံး(၁၀)သိန်းအထိသာ ချေးပါသည်။ ချေးငွေမလုံလောက်သော တောင်သူများ အနေဖြင့်ပြင်ပမှ အတိုးကြီးပေး၍ ချေးယူရပါသည်။

သမဝါယမဘဏ်မှ ချေးယူသူများ လည်းရှိပါသည်။ စိုက်ပျိုးရေးအတွက် သုံးစွဲရန် လယ်ထွန်စက်များ ကိုလည်းသမဝါယမဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျဝယ်ယူသူများလည်းရှိပါသည်။

ကျေးရွာတွင် Pact Myanmar အဖွဲ့မှ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်ရန် ချေးယူသူများရှိရာ စိုက်ပျိုးစရိတ်ချေးငွေများကို (၁၄)ရက်(၁)ကြိမ်အတိုးနှုန်းများ ကို ပုံမှန်ပေးသွင်းပြီး (၅)လ အကြာတွင် အကြေအလည် ပေးဆပ်ရပါသည်။မွေးမြူရေးနှင့် ရောင်းဝယ်ရေး အတွက် ချေးယူငွေများကို ချေးယူငွေ အတိုး၊အရင်းပေါင်း၏ ၄% ကို (၁၄)ရက်တစ်ကြိမ်ပေးသွင်းရ ပါသည်။ (၂၅)ကြိမ်ပြည့်လျှင် အကြေအလည်ပေးဆပ်ပြီး ဖြစ်ပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် အထက်တန်းကျောင်း (၁) ကျောင်းရှိပြီး မူလတန်း စုစုပေါင်း ကျောင်းသားဦးရေ (၁၇၆)ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၁၂၆)ဦး ၊ အထက်တန်းကျောင်းသားဦးရေ (၉၈)ဦး ရှိပါသည်။ ဆရာ (၅) ဦးနှင့် ဆရာမ (၁၆) ဦး စုစုပေါင်း (၂၁) ဦးရှိပါသည်။ ကျောင်းသုံးပရိဘောဂ မှာ လုံလောက်မှုရှိသော်လည်း အာဟာရတိုက်ကျွေးမှုမှာ ပုံမှန်တိုက်ကျွေးမှုမရှိပါ။တက္ကသိုလ် ကျောင်းသားများသည် မကွေးမြို့ သို့ သွားရောက်တက်ရောက်ပါသည်။

**(စ) ကျန်းမာရေး**

ကုန်းဘိုကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက်ဖျားနာခြင်း၊ အအေးမိခြင်း နှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသော်လည်း တိုက်နယ်ဆေးရုံ ၊ မြို့နယ်ဆေးရုံတို့နှင့် အလှမ်းဝေးသည်။ ကျန်းမာရေးအခက်အခဲရှိပါက

ကျေးရွာမှ (၁၈) မိုင်ခန့် အကွာရှိ ချောင်းကောက်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် (၃၃) မိုင်ခန့် ကွာဝေးသော ဆင်ပေါင်ဝဲမြို့ မြို့နယ်ဆေးရုံ တို့ကိုသာ အားထားရပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ချောင်းရေကြီးခြင်းကို နှစ်စဉ် တွေ့ကြုံခံစား ကြရပါသည်။ မိုးခေါင်ခြင်းနှင့် ချောင်းရေကြီးခြင်းတို့ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီး ဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ ယာမြေများတွင် နှစ်ရှည်ပင်များ စိုက်ပျိုးရန်သင့်တော်ပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှု များပြီး တောင်သူများမှာလည်း ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း ပုလင်းခွံ ၊ ဘူးခွံ ၊ အမှိုက်သရိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်နေကြပါသည်။ မြေဆီလွှာထိန်းသိမ်းမှုအားနည်း ခြင်းကြောင့် မြေဆီလွှာခမ်းခြောက်မှု နှင့် တွေ့ကြုံနေရပါသည်။သစ်တောများခုတ်ထွင်ရှင်းလင်း မှုများ ကြောင့်ထင်းနှင့်မီးသွေးလောင်စာများရှားပါးလာပါသည်။ကျေးရွာအနီး ပတ်ဝန်းကျင်တွင် တောဇီးဖြူ ၊ ထိကရုန်း ၊ကနဖော့၊ ဖန်ခါး ၊ မရွေး၊ မြင်းခွါရွက်ပင်များ ပေါက်ရောက်မှုပိုမိုများပြားလာပါသည်။ သစ်ပင်ကြီးများအနေဖြင့် ကျွန်း၊ သစ်မာအမျိုးမျိုး ၊ ပိတောက်၊ ရှား ၊ ထနောင်း ၊ ကုက္ကို စသည့်အပင် များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တော ၊ ဝါး ၊ ပျားရည် နှင့် အဖိုးတန်တိရစ္ဆာန်မျိုးစိတ်များ လျော့နည်းလာပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကုန်းဘိုကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု မရှိသေးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေး ၊ လူမှုရေး လုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ တက်ကြွစွာ ပါဝင်လှုပ်ရှား နေသည်ကို တွေ့ရှိရပါသည်။

၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | ၁ |
| ၂ | ကျန်းမာရေး | လူနာတင်ယာဉ် ရရှိရေး | ၂ |
| ၃ | လမ်းတံတား၊ လျှပ်စစ် | ရေကာတာ ဆောက်လုပ်ခြင်း | ၃ |
| ၄ | အခြေခံ အဆောက်အဦ | မီးသတ်ရေကန်နှင့် ရေတွင်းပြုလုပ်ခြင်း | ၄ |
| ၅ | အခြေခံအဆောက်အဦ | ကျေးရွာအစည်းအဝေးခမ်းမ ပြုလုပ်ခြင်း | ၅ |

နောက်ဆက်တွဲ (၁)

ကုန်းဘိုကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|
| ကျေးရွာတွင်းလမ်း မကောင်းခြင်း | ကျောင်းသူ/သားများ သွားလာရန်ခက်ခဲ နေခြင်း | (၁)ကျေးရွာသူ ရွာသားများမှ စိတ်အားထက်သန်ခြင်း<br>(၂)ကျောက်စရစ်နှင့်သဲများ ချောင်းတွင်းမှ ရရှိနိုင်ခြင်း | (၁) လမ်းခင်းရန် ငွေကြေး အရင်းအနှီးမရှိခြင်း<br>(၂) အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | (၁) သက်ဆိုင်ရာဌာန များနှင့်ချိတ်ဆက်ရန်<br>(၂) ကော်မတီဖွဲ့စည်း ရန် | ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်း |
| လူနာတင်ကား လိုအပ်ခြင်း | (၁)တိုက်နယ်၊ မြို့နယ်ဆေးရုံများ နှင့် ဝေးခြင်း၊<br>(၂) ဆေးရုံသို့ အချိန်မီမရောက်ခြင်း<br>(၃)ရန်ပုံငွေမရှိခြင်း | (၁)ကျေးရွာလူထုမှ စိတ်အားထက်သန်ခြင်း<br>(၂)အောက်ဆီဂျင်ဘူး အလှူရှင် ရှိခြင်း | (၁) ငွေကြေးအရင်းအနှီးမရှိ ခြင်း<br>(၂) ချိတ်ဆက်ဆောင်ရွက် မှုအားနည်းခြင်း | (၁)ငွေကြေးအထောက် အပံ့ရရှိအောင် အဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း | လူနာတင်ယာဉ် ရရှိရေး |
| ရေကာတာတည် ဆောက်ရန် လိုအပ် ခြင်း | (၁)မိုးရာသီတွင် ဖရုံ ချောင်းရေတိုက်စား၍ ကမ်းပါးပြိုခြင်းမှ လူနေအိမ်များ အန္တရာယ်ရှိခြင်း | (၁) ကျေးရွာမှ လုပ်အား ပါဝင်ဆောင်ရွက်နိုင်ခြင်း<br>(၂) သဲ၊ ကျောက်စရစ် အလွယ် တကူရရှိနိုင်ခြင်း | (၁) ငွေကြေး မလုံလောက် ခြင်း<br>(၂) အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှု အားနည်းခြင်း | (၁) လမ်း ကော်မတီ ဖွဲ့စည်းခြင်း<br>(၂) သက်ဆိုင်ရာ ဌာန များနှင့်ချိတ်ဆက်ခြင်း | ရေကာတာတည် ဆောက်ရေး |
| မီးသတ်ရေကန်နှင့် ရေတွင်း လိုအပ်ခြင်း | (၁)ကျေးရွာမီးဘေး အန္တရာယ် ကြုံတင် ကာကွယ်ရေး ပြင် ဆင်ချက် | (၁) ကျေးရွာမှ လုပ်အား စိုက်ထုတ်နိုင်ခြင်း<br>(၂) သဲ၊ ကျောက်စရစ် အလွယ်တကူ ရရှိနိုင်ခြင်း | (၁) ငွေကြေးအရင်းအနှီး မရှိခြင်း၊ | (၁) သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း၊<br>(၂) ကျေးရွာမှပူးပေါင်း ပါဝင်ခြင်း | မီးသတ်ရေကန် နှင့် စက်ရေတွင်း တူးဖော်ရေး |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာအစည်းအဝေးခန်းမ လိုအပ်ခြင်း | (၁)ကျေးရွာ အစည်းအဝေးခန်းမမရှိသဖြင့် အစည်းအဝေးပြုလုပ်ရန် အခက်အခဲရှိခြင်း | (၁) သဲ ၊ ကျောက်စရစ် အလွယ်တကူရရှိနိုင်ခြင်း<br>(၂) ကျေးရွာသူ/သားများမှ လုပ်အား စိုက်ထုတ်ဆောင်ရွက် နိုင်ခြင်း | (၁) ငွေကြေးမလုံလောက်ခြင်း<br>(၂) အဖွဲ့အစည်း များ နှင့် ချိတ်ဆက်မှု အားနည်းခြင်း | (၁) သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ၊<br>(၂) ကျေးရွာ လူထုမှ ပူးပေါင်းပါဝင်ခြင်း | ကျေးရွာခန်းမ တည်ဆောက်နိုင်ရန် စီမံချက် |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၁ | ၁၇ | ၃၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၅၇ | ၅၉ | ၁၁၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉၀ | ၇၃ | ၁၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉၄ | ၉၅ | ၁၈၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၄၀ | ၇၈၆ | ၁၅၂၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၈ | ၄၅ |
| စုစုပေါင်း | | ၁၀၁၉ | ၁၀၅၈ | ၂၀၇၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၅၃ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) ကုန်းဘိုကျေးရွာတွင် အိမ်ထောင်စု(၄၅၃)စုရှိပြီး လူဦးရေ (၂၀၇၇)ဦး ရှိပါသည်။

(၂) (၁) အိမ်ထောင်စုလျှင် ပျှမ်းမျှလူဦးရေမှာ (၄.၅) ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ တစ်အိမ်ထောင် ပျှမ်းမျှ လူဦးရေအောက် နည်းသည်ကို တွေ့ရပါသည်။

(၃) နို့စို့အရွယ်ကလေးနှင့် (၅) နှစ်အောက်ကလေးနည်းသည်။

(၄) ကျောင်းနေအရွယ်ကလေး(၁၆၃)ဦးရှိပြီး ယောက်ျားလေးဦးရေသည် မိန်းကလေးဦးရေထက် များသည်။

(၅) အလုပ်လုပ်နိုင်သည့် ဦးရေသည် ကျေးရွာလူဦးရေ၏ (၇၄%) ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၉၄၇ | သင့် | မရ | မိုးကောင်းသောက် |
| ယာမြေ | ၂၉၆၁ | သင့် | မရ | မိုးကောင်းသောက် |
| ဥယျာဉ်ခြံမြေ | ၁၂၇ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | ၃ | သင့် | မရ | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ပလပ်မြေ | ၁၀၄ | သင့် | မရ | မိုးကောင်းသောက် |
| သစ်တောမြေ | - | | | |
| **စုစုပေါင်း** | **၄၁၄၂** | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ကုန်းဘိုကျေးရွာတွင် လယ်ယာပိုင်တောင်သူများ (၃၅၀)ဦးခန့်ရှိပြီး စုစုပေါင်း စိုက်ပျိုးဧက (၄၁၄၂)ဧက ရှိသည်။ ကျေးရွာတွင် ယာ နှင့် လယ်ကို အဓိကထားစိုက်ပျိုးကြပြီး မိုးကောင်းသောက်များဖြစ်သောကြောင့် ရာသီဥတုမမှန်လျှင် ဆုံးရှုံးနစ်နာမှုများ၍ အမြတ်အစွန်း နည်းသည်ကို လေ့လာတွေ့ရှိရ ပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျမ်းမျှအပူချိန် - ၃၇ 'C | ပျမ်းမျှ မိုးရေချိန် -၂၀ လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ကုန်းဘိုကျေးရွာသည် ဘရုံချောင်းဘေးတွင် တည်ရှိသောကြောင့် သဲကို အလွယ်တကူ ရရှိနိုင်ပါသည်။

(၂) တောတောင်ရေမြေသဘာဝများ ပျက်စီးယုတ်လျော့လာခြင်း၊ ထိန်းသိမ်းမှုအားနည်းခြင်း နှင့် သစ်တောများ ပြုန်းတီးလာခြင်းတို့ကြောင့် တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ ရှားပါးလာပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာအပေါ် စီမံအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးရေး ကိစ္စများဆောင်ရွက်ခြင်းတို့တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ပါသည်။ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေးနာရေးကိစ္စရပ်များတွင်တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂☐ ၃☑ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ပညာရေးနှင့်ပတ်သတ်သောလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ပါသည်။ |
| ၄ | ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သာရေး၊ နာရေး ၊ လူမှုရေးနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက် ပါသည်။ |
| ၅ | မိခင်နှင့် ကလေး စောင့်ရှောက်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မိခင်နှင့် ကလေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပါသည်။ |
| ၆ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>☑လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးနှင့်လူမှုရေးလုပ်ငန်း များတွင်ပါဝင်ကူညီဆောင်ရွက်ပါသည်။ |
| ၇ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>☐လုံခြုံရေးနှင့် ကာကွယ်ရေး☑ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်ကူညီဆောင်ရွက်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။**

၁။ ကုန်းဘိုကျေးရွာတွင် ကျေးရွာတွင်းအဖွဲ့အစည်းပေါင်း (၇)ဖွဲ့ရှိသည်ကို တွေ့ရှိရပါ သည်။ ၎င်းအဖွဲ့အစည်းများကို ကျေးရွာလူထု သဘောဆန္ဒအရ ဖွဲ့စည်းထားပါသည်။

၂။ အဖွဲ့အစည်းများသည် ၎င်းတို့သက်ဆိုင်သည့် လုပ်ငန်းများတွင် တက်ကြွစည်းလုံးစွာ ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၃။ တက်ကြွစွာပါဝင်သော လူငယ်အဖွဲ့အစည်းများ ရှိကြသော်လည်း ထိရောက်သော ပရဟိတ လုပ်ငန်းများလုပ်ဆောင်ရန်အတွက် လုံလောက်သော အထောက်အပံ့ ပစ္စည်းများမရှိပါ။ (ဥပမာ- ငွေကြေး ၊ သယ်ယူပို့ဆောင်ရေးယာဉ်)

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက နှင့်အထက် | (၉–၅) ဧကကြား | ၅ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ထရံကာ ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ဓါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ကျပန်း | ကျပန်း၊ ဈေးသည် |
| အိမ်ထောင်စု | ၇၀ | ၈၀ | ၁၅၀ | ၁၅၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။**

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ ခွဲခြားထားခြင်း ဖြစ်ပါသည်။

(၂) ကုန်းဘိုကျေးရွာတွင် အိမ်ထောင်စု (၄၅၃) စုရှိပြီး အဆင်ပြေသော အိမ်ထောင်စု (၇၀)စု

၊အလယ်အလပ်ရှိသောအိမ်ထောင်စု (၈၀) စု၊ မပြေလည်သောအိမ်ထောင်စု (၁၅၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၁၅၃) စု တို့ ရှိပါသည်။

(၃) အိမ်ထောင်စု စုစုပေါင်း၏ (၃၃.၈၀%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

(၄) ဓနဥစ္စာအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ လယ်ယာသုံး စက်ကရိယာ ပိုင်ဆိုင်မှုများ ၊ လူ့အသုံးအဆောင်များ နှင့် အဆောက်အဦအခြေအနေတို့အား အဓိကထား လေ့လာစစ်တမ်းကောက်ယူထားခြင်းဖြစ်ပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | ၂၀.၉၅ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၃၀ | ၆.၆၀% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၅၆ | ၁၂.၃၆ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၅၂ | ၃၃.၆၀ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၁၂၀ | ၂၆.၄၉% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၅၃ | ၁၀၀ % | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ဥစ္စာဓနအဆင့် (၃) နှင့် (၄) ရှိ အိမ်ထောင်စုများသည် မြေယာမဲ့နှင့် (၅)ဧကအောက် တောင်သူငယ်များဖြစ်ပြီး အိမ်ထောင်စု (၃၀၃)စု (၆၆.၈၈%) ရှိသည်။ အဓိက လုပ်ငန်းအနေဖြင့် ကျပန်းလုပ်ငန်း နှင့် ဈေးရောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(၂) ဥစ္စာနအဆင့် (၂) ရှိ အိမ်ထောင်စု (၈၀) စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၁၇.၆၆%) ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင် ကြပါသည်။

(၃) ဥစ္စာနအဆင့် (၁) ရှိ အိမ်ထောင်စု (၇၀) စု ရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၁၅.၄၆%) ရှိပါသည်။အဓိကအသက်မွေးကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(၄) ကုန်းဘိုကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု(၄၅၃)စု ရှိပြီး မြေယာမဲ့အိမ်ထောင်စု (၉၅)စု ရှိပြီး (၆.၆၀%)မှာ ဆင်းရဲသားတောင်သူများဖြစ်ကြသည်။ ၎င်းတို့သည် ကောက်စိုက်၊ နေ့စား၊ လက်လုပ်လက်စား ၊ ကျပန်းလုပ်ကိုင်ကြပြီး မြေဧကအနည်းအကျည်းပိုင်ဆိုင်သူများသည် ဟင်းသီးဟင်းရွက်စိုက်ကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ မြေယာပိုင်ဆိုင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြရသည်။

(၅) တောင်သူကြီးနှင့် တောင်သူငယ်များအနေဖြင့် သီးနှံထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့် မရရှိခြင်း ၊ စိုက်ပျိုးစရိတ်ကြီးမားခြင်း ၊ သွင်းအားစု ထည့်သွင်းအသုံးပြုမှု နည်းပါးခြင်း၊ ဓါတုဆေးသုံးစွဲမှု နည်းစနစ်မမှန်ကန်ခြင်း ၊ စိုက်ပျိုးရေးအသိပညာ နည်းပါးခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းလျက်ရှိပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| ပဲ | ၅၀၀ | တင်း | ၁၀ | ၃၀ | ၂၀ | သင့် |
| နှမ်း | ၁၅၀၀ | တင်း | ၁ | ၇ | ၄ | သင့် |
| စပါး | ၅၀၀ | တင်း | ၁၀ | ၄၅ | ၂၇ | သင့် |
| ပဲတီစိမ်း | ၃၀၀ | တင်း | ၁ | ၅ | ၃ | နည်း |
| ကုလားပဲ | ၅၀ | တင်း | ၁ | ၇ | ၄ | နည်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) နှမ်းကို အဓိကထား စိုက်ပျိုးကြပါသည်။

(၂) တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးကြသည်။

(၃) လယ်ကိုမိုးရာသီတွင်သာစိုက်ပျိုးကြသည်။မိုးရေသောက်လယ်များဖြစ်သဖြင့် မိုးခေါင်သည့် နှစ်များတွင် စပါးမစိုက်ပျိုးနိုင်ပါ။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၀၄ | ၁၄၉၅ |
| နို့စားနွား | ၁ | ၂ |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၂၅၂ | ၃၃၀ |
| ကြက် | ၃၈၂ | ၃၆၈၈ |
| ဘဲ | ၃ | ၂၂ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကုန်းဘိုကျေးရွာတွင် နွားများကို လယ်ယာလုပ်ငန်းအတွက် အဓိကထားမွေးမြူကြပါသည်။

(၂) ကြက် ၊ ဝက် ၊ ဘဲ တို့ကို လက်လုပ်လက်စား မြေယာမဲ့များက တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။

(၃) ကုန်းဘိုကျေးရွာတွင် နို့စားနွားမွေးမြူသည့် အိမ်ထောင်စု (၁) စုရှိပြီး မိသားစုစီးပွားရေး အဖြစ် တစ်ပိုင်တစ်နိုင်မွေးမြူထားခြင်းဖြစ်ပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၅ | ၂၀ | ၂၅ | လတ် (လက်သမားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သူများဖြစ်ပါသည်။) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၃ | ၅ | ၃ | လတ် (ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း မှုပြုလုပ်ကြပါသည်။ |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | - | ၆ | နိမ့် (အပ်ချုပ်လုပ်ကိုင်သူများ ဖြစ်ပြီး အပ်ထည်ရှိမှသာ ဝင်ငွေရရှိကြပါသည်။) |
| ၇ | လက်လီ-က်ကားရောင်းဝယ်ရေး | ၁၀ | - | ၁၀ | လတ် (အိမ်ဆိုင်များဖြစ်သည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၄ | ၁၂ | ၄ | လတ် (ဆတ်သွား နှင့် တောင်တွင်းကြီးမြို့ များသို့ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ကြပါသည်။) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၃ | ၈ | ၆ | မြင့် (ဘော်ဒါကျောင်းဆောင် ဖွင့်လှစ်ထားသူများ ဖြစ်ပါ သည်။) |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၁ | - | ၃ | လတ် (မုန့်ဟင်းခါး မုန့်ဖက်လုပ်ကိုင်သူဖြစ်ပါသည်။) |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | - ၁၀၂ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ လက်သမား လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပြီး ကျေးရွာ အတွင်းနှင့် အနီးအနားရှိ ကျေးရွာများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

၃။ ကုန်းဘိုကျေးရွာတွင် အိမ်ဆိုင်ရောင်းဝယ်သူ (၁၀)ဦးရှိပြီး မုန့်ဆိုင် ၊ ကုန်စုံဆိုင် တို့ဖြင့် ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။

၄။ ပို့ဆောင်ရေးလုပ်ငန်းအတွက် ကျေးရွာတွင် ကား(၇)စီး ရှိပြီး (၄)စီးသာ ဆတ်သွား နှင့် တောင်တွင်းကြီးမြို့များသို့ လိုင်းပြေးဆွဲပါသည်။

၅။ ကျေးရွာတွင် ပညာရေးဝန်ဆောင်မှုအဖြစ် ဘော်ဒါဆောင်(၃)ဆောင်ရှိပြီး ပညာရေးကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သူ(၁၄)ဦးမှာ ပုံမှန်လစာရရှိသဖြင့် ရပ်တည်နိုင်မှုမြင့်ပါသည်။

၇။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မုန့်ဟင်းခါး မုန့်ဖတ်လုပ်ငန်း လုပ်ကိုင်သူ (၁)ဦး ရှိပြီး ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ်တွင် ရှိပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဆတ်သွားမြို့ | တောင်တွင်းကြီးမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☑ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑<br>၅၁ မှ ၁၀၀ ☐၁၀၀ မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာမှ ထွက်ကုန်သီးနှံများကို ဆတ်သွား နှင့် အောင်လံမြို့များသို့ တင်ပို့ရောင်းချကြပါသည်။တခါတရံ မကွေးမြို့၊ မန္တလေးမြို့များသို့ သွားရောက်ရောင်းချသည်လည်း ရှိပါသည်။

၂။ လူသုံးကုန်ပစ္စည်း ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ယာဉ်ပစ္စည်းနှင့် ယာဉ်ပြုပြင်ခြင်းများကို တောင်တွင်းကြီးမြို့၊ မကွေးမြို့ နှင့် အောင်လံမြို့များသို့ သွားရောက်ကြပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရွှံ့ဗွက်များရှိသဖြင့် သွားလာရခက်ခဲပါသည်။

၂။ ကုန်းဘို ကျေးရွာမှ ကုန်းသာကျေးရွာနှင့် စမ်းအိုင်ကျေးရွာများသို့ ဆက်သွယ်သောလမ်းမှာ မြေသားလမ်းဖြစ်ပြီး အတော်အသင့် ကောင်းမွန်ပါသည်။

၃။ ကုန်းဘိုကျေးရွာသည် အမှတ်(၁)ခရိုင်ချင်းဆက်ကတ္တရာလမ်းမကြီး နံဘေးတွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါအကွက်တွင်** ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာသည် ဧရာဝတီမြစ်နှင့် အလှမ်းကွာဝေးပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၃၄ | ၂၅၈ | - | - | ၇ | - | ၂၉၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာတွင် ကား(၇)စီးရှိပြီး ဆတ်သွားကျေးရွာနှင့် တောင်တွင်းကြီးမြို့များသို့ နေ့စဉ် လိုင်းပြေးဆွဲနေသည့် ကား(၄)စီးရှိပါသည်။

၂။ နွားလှည်းကို လယ် ၊ ယာ လုပ်ငန်းများတွင် အသုံးပြုသည်။ ကျောင်းသားများမှ စက်ဘီးကို အသုံးပြု၍ ကျောင်းတက်ကြသည်။

၃။ ကားများကို ကျေးရွာထွက်ကုန်သီးနှံများနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ယာဉ်အဖြစ် အသုံးပြုပြီး၊ ဆိုင်ကယ်ကို အဓိက သွားလာရေးယာဉ်အဖြစ် အသုံးပြုပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၃၆၀ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၂၃ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၇၀ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**

၁။ လျှပ်စစ်ဓါတ်အား မရရှိသေးပါ ။ ဆိုလာမီးများကို ကျေးရွာအိမ်ထောင်စု၏ (၇၉.၄၇%)သော အိမ်ထောင်စုများသည် သုံးစွဲလျက်ရှိကြပြီး ၊ ပုဂ္ဂလိက ဒီဇယ်အင်ဂျင်ဖြင့် မီးသုံးစွဲသည့်

အိမ်ထောင်စု(၂၃)စု ရှိပါသည်။တစ်ချို့သောအိမ်ထောင်စုများသည် ဘတ္တရီမီး၊ ဖယောင်းတိုင်မီးများကို အသုံးပြုကြပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၅၂၅ | ၁၃၈ | ၁၂၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**

၁။ ကျေးရွာရှိအိမ်တိုင်းနီးပါး ဖုန်းရှိကြပါသည်။ PSI , SKY NET စသောစလောင်းများ (၂၈) ခု ရှိသည့်အတွက် သတင်းအချက်အလက်များကို လွယ်ကူစွာ သိရှိနိုင်ပါသည်။ သတင်းအချက်အလက်အများစုကို ဖုန်းများမှ ရရှိပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၈၇ | ၈၉ | ၁၇၆ |
| အလယ်တန်း | ၆၅ | ၆၁ | ၁၂၆ |
| အထက်တန်း | ၄၇ | ၅၁ | ၉၈ |
| တက္ကသိုလ်/ကောလိပ် | ၂၃ | ၃၁ | ၅၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"**ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ မူလတန်းတွင် တက်ရောက်သည့် ကျောင်းသားဦးရေသည် ကျေးရွာရှိ မူလတန်းကျောင်းသားအရွယ် ကလေးငယ်၏ ရာနှုန်းပြည့် ဖြစ်ပါသည်။

၂။ အလယ်တန်းတက်ရောက်မှုနှုန်းတွင် လျော့ကျသွားပြီး တက်ရောက်ရမည့်အရွယ် ကလေးငယ်များ၏ (၆၆.၆၆ %) သာ တက်ရောက်ကြပါသည်။

၃။ အထက်တန်းသို့တက်ရောက်သည့် ကျောင်းသားဦးရေ နည်းသွားရခြင်းမှာ မိသားစုစားဝတ်နေရေး အခက်အခဲများကြောင့် ဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>က။ ကျောင်းအဆင့်</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td></tr>
<tr><td>ခ။ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">(၁၁၂၂၀) ပေ</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">ကောင်း☑ သင့်☐ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td></tr>
<tr><td>စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဈ။ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၅</td><td>၁၆</td><td>၂၁</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာတွင် အထက်တန်းကျောင်းအား မကြာသေးမီကာလမှ ဖွင့်လှစ်ခဲ့ပါသည်။

၂။ အာဟာရတိုက်ကျွေးမှုအနေဖြင့် တစ်ခါတစ်ရံ အလှူရှင်ပေါ်သည့်အခါ တိုက်ကျွေးမှုများရှိသော် ပုံမှန်တိုက်ကျွေးမှုမရှိပါ။

၃။ အထက်တန်းတွင် သင်ကြားသည့် ကျောင်းဆရာ/မ (၅)ဦးရှိပြီး သင်ကြားရသည့်ဘာသာရပ်ထက် ဆရာ/မဦးရေ လျော့နည်းနေပါသည်။ကျောင်းသား ၊ ဆရာအချိုးမှာ အလယ်တန်းတွင် (၂၃:၁) ၊ မူလတန်းတွင် (၅၅:၁) ဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ရာသီအလိုက် ကူးစက်တတ်သော ရောဂါများအတွက် ကြိုတင်၍ ကျန်းမာရေးပညာပေးခြင်းနှင့် ပြည်သူလူထုမှလည်း အသိပညာသိရှိလာခြင်းကြောင့် ရောဂါဖြစ်ပွားမှု နိမ့်လာကြောင်း တွေ့ရှိရပါသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာသို့ မြို့နယ်ကျန်းမာရေးဌာနမှ ဆရာမသည် လစဉ်အလိုက် အစဉ်အမြဲ ကာကွယ်ဆေးထိုးပေးခြင်းကြောင့် ပြည်သူလူထုများမှ အသိပညာရှိလာသည်။

၂။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံခြင်း နှင့် အာဟာရ စောင့်ရှောက်ခံယူခြင်း စသည့် ကျန်းမာရေးအသိပညာများ အတော်အသင့် ရှိလာကြပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျန်းမာရေးဌာနသည် ကုန်းဘိုကျေးရွာ၏ အလယ်တွင် တည်ရှိသော်လည်း မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ တို့နှင့် အလှမ်းကွာဝေးလှပါသည်။ ဆေးခန်းအသုံးအဆောင်ပစ္စည်းများမှ

ကျန်းမာရေးဌာနမှ ပံ့ပိုးပေးခြင်းနှင့် ကျေးရွာနေပြည်သူလူထုတို့မှ လှူဒါန်းထားခြင်းတို့ကြောင့် လုံလောက်မှုရှိပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ သင့်☐ ညံ့☑ | မရှိ |
| အဝီစိတွင်း/ စက်တပ် | ၁ | ကောင်း☐ သင့်☐ ညံ့☐ | မိုး ၊ ဆောင်း ၊ နွေ |
| အဝီစိတွင်း/ တုံကင် | ၄၅၃ | ကောင်း☐ သင့်☐ ညံ့☐ | မိုး၊ ဆောင်း ၊ နွေ |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☑ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☑ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☑ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာရှိ အိမ်တိုင်း အဝီစိတွင်း/တုံကင်ရှိပါသည်။ တုံကင်တွင်းများသည် မိုး၊ ဆောင်း၊ နွေ တစ်နှစ်ပတ်လုံ ရေလုံလောက်မှုရှိပါသည်။

၂။ တွင်းရေများသည် တစ်နှစ်ပတ်လုံးလုံလောက်မှု ရှိသော်လည်း ထုံးဓါတ်နှင့် သံဓါတ် များ အနည်းငယ်ပါဝင်နေသည်ကို တွေ့ရပါသည်။

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၂၃ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၃၀ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကုန်းဘိုကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် ရေလောင်းယင်လုံအိမ်သာသုံးစွဲသူ အိမ်ထောင်စု (၄၂၃) စုရှိပြီး တွင်း/ဇလားအိမ်သာ သုံးစွဲသူ အိမ်ထောင်စု (၃၀)စု ရှိပါသည်။

၂။ ကုန်းဘိုကျေးရွာသို့ ကျန်းမာရေးဌာနမှ ယင်လုံအိမ်သာသုံးစွဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ကျေးရွာသူ/သားများမှ ကျန်းမာရေးအသိပညာဗဟုသုတများရှိလာခြင်းကြောင့် ယင်လုံအိမ်သာ သုံးစွဲသူအိမ်ထောင်စုများပြားလာပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေ မရရှိခြင်းကြောင့် မိုးရေကိုသာအားထား စိုက်ပျိုးရပါသည်။ |
| ၃ | ရေကြီးခြင်း | မိုးတွင်းအခါများတွင် ဘုရုံချောင်းရေကြီးခြင်း အန္တရာယ်ရှိပါသည်။ |
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့်စိုက်ပျိုးသီးနှံပျက်စီးမှုများအား ကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | ပျက်စီးမှုမရှိပါ။ |
| ၆ | မုန်တိုင်း | ပျက်စီးမှုမရှိပါ။ |
| ၇ | လျှပ်စီး | ပျက်စီးမှုမရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | ပျက်စီးမှုမရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ဘုရုံချောင်းဘေးတွင် ရှိသော ယာခင်းများသည် ချောင်းရေတိုက်စားခံရမှု အနည်းငယ်ရှိပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ရာသီဥတုဖောက်ပြန်ခြင်းလောင်စာ ထင်းအဖြစ် သုံးစွဲမှု များသောကြောင့် သစ်ပင်ကြီးများ ရှားပါး လာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။

၂။ တောတောင်သဘာဝပျက်စီးယိုယွင်းလာခြင်း၊ သစ်ပင်များခုတ်ယူမှုများပြားလာခြင်းကြောင့် ရာသီဥတုများ ဖောက်ပြန်လာပြီး ဂေဟစနစ်များ ပျက်စီးလာကာ မိုးခေါင်ခြင်း၊ ရာသီဥတု မမှန်ကန်ခြင်းများဖြစ်ပေါ်ပြီး သီးနှံများ အထွက်နှုန်းလျော့ကျခြင်း၊ ပျက်စီးခြင်းများ ကြုံတွေ့ရပါသည်။

၃။ ကုန်းဘိုကျေးရွာသည် ဘရုံချောင်းနံဘေးတွင် တည်ရှိသောကြောင့် မိုးတွင်းအခါ ချောင်းရေများ ကျပါက ချောင်းဘေးရှိ အိမ်များ ၊ ယာခင်းများ ကမ်းပါးပြိုခြင်း အန္တရာယ် တို့ရှိပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | ဓါတုဆေးဝါးများ သုံးစွဲမှုများပြားလာခြင်း၊ ရာသီဥတုမမှန်ကန်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ |
| အပင်မျိုးစိတ်များ | မြင့် | သစ်တောများပြုန်းတီးလာခြင်း၊ ထိန်းသိမ်းမှု မရှိခြင်း၊ ခုတ်ယူမှုများပြားခြင်းတို့ကြောင့် ဖြစ်ပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | စိုက်ပျိုးရေအဖြစ်မိုးရေကိုသာ အားထားစိုက်ပျိုး ရပါသည်။ |
| ငါးမျိုးကွဲများ | မြင့် | ချောင်းထဲတွင် ငါးများလျှော့တိုက်ဖမ်းခြင်း တို့ကြောင့် ငါးမျိုးစိတ်များရှားပါးလာပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | သစ်တောများပြုန်းတီးလာခြင်း၊ ထိန်းသိမ်း စောင့်ရှောက်မှု အားနည်းခြင်းတို့ကြောင့် တိရစ္ဆာန်မျိုးကွဲများ ရှားပါးလာပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ ဓါတုဆေးဝါးများ အလွန်အကျွံသုံးစွဲမှု မရှိသော်လည်း သုံးစွဲမှုနည်းစနစ် မှန်မှန်ကန်ကန် သုံးစွဲတတ်မှု နည်းခြင်း၊ မြေဆီလွှာထိန်းသိမ်းမှု မရှိခြင်းတို့ကြောင့် မြေဆီသြဇာကောင်းမွန်မှု မရှိပါ။

၂။ သစ်ပင်၊ သစ်တောများ ခုတ်ယူမှုများပြားခြင်း၊ အစားထိုးစိုက်ပျိုးမှု မရှိခြင်းတို့ကြောင့် သစ်တောများပြုန်းတီးကာ အပင်မျိုးစိတ်နှင့် တိရစ္ဆာန်မျိုးစိတ်များ ရှားပါးလာပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကုန်းဘိုကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု မရှိသေးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေး ၊ လူမှုရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ တက်ကြွစွာ ပါဝင်လှုပ်ရှား နေသည်ကို တွေ့ရှိရပါသည်။